**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

**ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန**

စာအမှတ်၊ ၁၄၈ /ရွေးချယ်ရေး(ထွေ) /၂၀၂၆

ရက်စွဲ ၊ ၂၀၂၆ ခုနှစ် ၊ မတ်လ ၁၀ ရက်

သို့

------------------------------

------------------------------

အကြောင်းအရာ။ **နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ဖွင့်လှစ်မည့် အရာထမ်းလောင်း(အထူး)သင်တန်းအမှတ်စဉ်(၁၆)သို့ တက်ရောက်ရန်ကိစ္စ**

ရည် ညွှန်း ချက် ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၁၈-၁၂-၂၀၂၅ ရက်စွဲပါကြေညာချက်အမှတ်၊ ၉/ ၂၀၂၅

၁။ လူကြီးမင်းသည် ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၁၈-၁၂-၂၀၂၅ ရက်စွဲပါကြေညာချက် အမှတ်၊ ၉/၂၀၂၅ အပိုဒ်(၄)အရ ဝန်ကြီးဌာနများ၌ ၂-၂-၂၀၂၆ ရက်နေ့မှစ၍ ဦးစီးအရာရှိ(အစမ်းခန့်) ရာထူးဖြင့် ခန့်ထားပြီးဖြစ်၍ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)တွင် ၂၇-၄-၂၀၂၆ ရက်နေ့မှ ၁၄-၈-၂၀၂၆ ရက်နေ့အထိ ဖွင့်လှစ်မည့် **“အရာထမ်းလောင်း(အထူး)သင်တန်းအမှတ်စဉ်(၁၆)”**သို့ တက်ရောက်ရမည်ဖြစ်ပြီး အဆိုပါသင်တန်းကို အောင်မြင်စွာတက်ရောက်ပြီးမှသာ ရွေးချယ်ခြင်း ခံရသည့် သက်ဆိုင်ရာလစ်လပ်ရာထူးနေရာ၌ အတည်ပြုခန့်ထားခြင်းခံရမည်ဖြစ်ပါသည်။

၂။ **သင်တန်းတက်ရောက်ရန်အတွက် မိမိအစီအစဉ်ဖြင့် သွားရောက်ရမည်ဖြစ်ပြီး ၂၀-၄-၂၀၂၆ ရက် (တနင်္လာနေ့)နောက်ဆုံးထား၍** ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန (ဖုန်းအမှတ်၊ ၀၆၇-၃၄၀၉၀၅၂/ ၀၆၇-၃၄၀၉၄၃၀)သို့ ကြိုတင်သတင်းပို့ အကြောင်းကြားရမည်ဖြစ်ကာ နိုင်ငံ့ဝန်ထမ်း တက္ကသိုလ်(အထက်မြန်မာပြည်)သို့ **၂၄-၄-၂၀၂၆ ရက် (သောကြာနေ့) ညနေ ၁၈:၀၀ နာရီ နောက်ဆုံးထားရောက်ရှိသတင်းပို့ရမည်ဖြစ်ပါသည်။**

၃။ သင်တန်းတက်ရောက်ရန်အတွက် **“သင်တန်းဝင်ညွှန်ကြားလွှာ”**၌ ဖော်ပြပါရှိသည့် စာရေး ကိရိယာနှင့်အသုံးအဆောင်ပစ္စည်းများကို ပြည့်စုံစွာယူဆောင်သွားရန်နှင့် **သင်တန်းတက်ရောက် နိုင်ခြင်းမရှိပါက စာပိုဒ်(၂)ပါ ဖုန်းများသို့ ကာယကံရှင်ကိုယ်တိုင် တယ်လီဖုန်း (သို့မဟုတ်) ကိုယ်တိုင်ရေးစာဖြင့် (မပျက်မကွက်) အချိန်မီအကြောင်းကြားရန်ဖြစ်ပါသည်။** ခိုင်လုံသော

အကြောင်းပြချက်မရှိဘဲ သင်တန်းတက်ရောက်ရန် ပျက်ကွက်ပါက ပြည်ထောင်စုရာထူးဝန်အဖွဲ့တွင် မှတ်တမ်းတင်ထားရှိမည်ဖြစ်ပြီး **“ရွေးချယ်ခြင်းခံရသည့်ရာထူးတွင် တာဝန်ထမ်းဆောင်လိုခြင်းမရှိ”** ဟု မှတ်ယူမည်ဖြစ်ကြောင်း အသိပေးဖော်ပြအပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ် ( ကိုယ်စား )

( စုစုအေး ၊ ညွှန်ကြားရေးမှူး )

မိတ္တူကို

ဥက္ကဋ္ဌရုံးအဖွဲ့၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)

လေ့ကျင့်ရေးဌာနစိတ်

ရုံးလက်ခံ

မျှောစာတွဲ